**သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့မှတစ်ဆင့်**

စာအမှတ်၊ စသမ - ကိုရီးယား - ၀၂ (၂/၂၀၁၅)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ( ၁၆) ရက်

သို့

ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **ကိုရီးယားသမ္မတနိုင်ငံ၏ အပတ်စဉ် စီးပွားရေးသတင်းများ (ရင်းနှီးမြှုပ်နှံမှု အပါအဝင်) အစီရင်ခံစာအား ပေးပို့ခြင်း**

ရည်ညွှန်းချက်။ နိုင်ငံတော်သမ္မတရုံး၏(၁၂-၃-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၁၀၀(၅)/၇ သမ္မတရုံး။

ရည်ညွှန်းချက်ပါစာဖြင့် ညွှန်ကြားချက်များအရ ကိုရီးယားသမ္မတနိုင်ငံ၏ (၈-၁-၂၀၁၅) ရက်နေ့မှ (၁၅-၁-၂၀၁၅) ရက်နေ့ထိ၊ ဇန်နဝါရီလ (ဒုတိယပတ်) စီးပွားရေးသတင်းများ (ရင်းနှီးမြှုပ်နှံမှု အပါအဝင်) အစီရင်ခံစာနှင့် ယင်းတို့အပေါ် စီးပွားရေးသံမှူး၏ သုံးသပ်တင်ပြချက်များအား ပူးတွဲပါ အတိုင်း ပေးပို့တင်ပြအပ်ပါသည်။

ဤစာမျက်နှာ အပါအဝင် စုစုပေါင်း စာမျက်နှာ ( ၄ ) ရွက်။

**(သန့်ဇင်)**
စီးပွားရေးသံမှူး

မိတ္တူကို-
- ဒုတိယသမ္မတ (၁) ဦးစီးရုံး၊
- ဒုတိယသမ္မတ (၂) ဦးစီးရုံး၊
- ပြည်ထောင်စုဝန်ကြီးရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၃)
- ပြည်ထောင်စုဝန်ကြီးရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅)
- ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ၊
- ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊

} တင်ပြချက်တစ်စုံစီနှင့်အတူ ပေးပို့ပါသည်။

- ရုံးလက်ခံ။

## မြန်မာသံရုံး၊ ဆိုးလ်မြို့
## ကိုရီးယားသမ္မတနိုင်ငံ၏ တစ်ပတ်အတွင်း (ရင်းနှီးမြှုပ်နှံမှုအပါအဝင်) စီးပွားရေးသတင်း တင်ပြချက်နှင့် သုံးသပ်တွေ့ရှိချက်များ

**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ထိ)**

### ကိုရီးယား နိုင်ငံခြားအရန်ငွေ ရတ်တရက်ထိုးတက်သွားခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံ၏အရန်နိုင်ငံခြားသုံးငွေသည် ကိုရီးယားဗဟိုဘဏ်၏ ရင်းနှီးမြှုပ်နှံမှုပုံစံပြောင်းလဲခဲ့ခြင်းကြောင့် ယခင်လကတည်းက အတော်အတန် တိုးပွားလာနေခဲ့သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက နိုင်ငံခြားအရန်ငွေကြေး $ ၃၆၃.၆ ဘီလီယံ ရှိခဲ့ပြီး၊ ယခင်လကထက် $ ၅၀၀ မီလီယံ ပိုများလာ၍ ၀.၁၄% တိုးလာခြင်းဖြစ်သည်။ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဥ်ပါက $ ၁.၇ မီလီယံ (၅%) ပိုများလာခြင်းဖြစ်သည်။ နိုင်ငံခြားအရန်ငွေကြေးသည် ၁၅ လဆက်တိုက် တိုးလာခဲ့ရာမှ ယမန်နှစ်ဩဂုတ်လက စံချိန်တင်မြင့်တက်ခဲ့သည်။

၂။ ယမန်နှစ် ဇူလိုင်လက နိုင်ငံခြားအရန်ငွေ $ ၃၆၈ ဘီလီယံ ရှိခဲ့ပြီး၊ ဩဂုတ်လတွင် စံချိန်ချိုးခဲ့သည်။ သို့သော် နိုဝင်ဘာလအထိ နိုင်ငံခြားအရန်ငွေပမာဏ ပြန်လည်ကျဆင်းခဲ့သည်။ ကိုရီးယားဗဟိုဘဏ်အဆိုအရ ယူရို၊ ဗြိတိသျှ ပေါင်စတာလင်တို့ပါဝင်သော ကိုရီးယားဝမ်၏ portfolio အတွင်းရှိ နိုင်ငံခြားငွေများ တန်ဖိုးအတက်/အကျကြောင့် ဖြစ်ရသည်ဟုသိရပြီး၊ ကိုရီးယားဝမ်ငွေသည် U.S green-back နှင့်ထောက်ကန်ထားသည့် ငွေကြေးဖြစ်သည်။ ဒီဇင်ဘာလက အမေရိကန်ဒေါ်လာသည် အခြားငွေကြေးများထက် တန်ဖိုးတက်နေခဲ့သော်လည်း ကိုရီးယားအရန်နိုင်ငံခြားငွေပမာဏ များပြားနေခြင်းမှာ ကိုရီးယားဗဟိုဘဏ်၏ ငွေကြေးကိုင်စွဲထားမှုအားလျှော့ချ၍ treasury investments အပါအဝင် securities များပိုမိုဝယ်ယူခဲ့ခြင်းကြောင့်ဖြစ်သည်။

၃။ treasury investments ပြုလုပ်ပါက ငွေကြေး၏ portfolio မြင့်တက်လာလေ့ရှိပြီး၊ ကမ္ဘာ့ဈေးကွက်တွင် အတိုးနှုန်းလျော့ကျသွားလေ့ရှိသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလက securities တန်ဖိုး $ ၃၄၁.၇ ဘီလီယံ သာရှိရာမှ $ ၁၀၁.၄ ထရီလီယံဖိုး ထိုးသွင်းခဲ့ပြီး၊ ငွေကြေးကိုင်စွဲထားမှု cash deposit ကို $ ၉.၃ ဘီလီယံ လျှော့ချခဲ့ရာ၊ ငွေကြေးကိုင်စွဲထားမှု $ ၁၂ ဘီလီယံအောက်ရောက်ရှိသွားခဲ့သည်။ နိုင်ဝင်ဘာလ စာရင်းအရ ကိုရီးယားသည် နိုင်ငံခြားအရန်ငွေရှိမှုသည် ကမ္ဘာတွင် အဆင့် ၇ ရှိပြီး၊ ပထမအဆင့်သည် တရုတ်နိုင်ငံဖြစ်၍ နိုင်ငံခြားအရန်ငွေ $ ၃.၈၉ ထရီလီယံ ရှိသည်။ (ကိုးကားချက် - Joongang Daily)

---

### ကိုရီးယား၏ ဒီဇင်ဘာလ အလုပ်လက်မဲ့နှုန်း ၃.၄% ရှိခဲ့

၄။ အလုပ်အကိုင်အသစ်များ ပိုမိုဖန်တီးပေးနိုင်ခဲ့သော်လည်း ကိုရီးယားသမ္မတနိုင်ငံ၏ ဒီဇင်ဘာလ အလုပ်လက်မဲ့နှုန်းသည် ယခင်လထက်တိုးလာခဲ့သည်။ လက်ရှိ ကိုရီးယား အလုပ်သမားဈေးကွက်သည် လူငယ်လူရွယ်များအတွက် ပင်ပန်းကြီးစွာလုပ်ကိုင်ရသော အလုပ်အကိုင်များကိုသာ ဖန်တီးပေးနေသည်

ကိုတွေ့ရကြောင်းကို ဇန်နဝါရီလ ၁၄ ရက်နေ့က ထုတ်ပြန်သောအစီရင်ခံစာတစ်စောင်က သုံးသပ်ဖော်ပြခဲ့သည်။

၅။ ယင်းအစီရင်ခံစာသည် ကိုရီးယားဗဟိုစာရင်းအင်းဌာနက ထုတ်ပြန်ခြင်းဖြစ်ပြီး၊ ဒီဇင်ဘာလ၏ အလုပ်လက်မဲ့နှုန်းသည် ၃.၄% ရှိ၍ နိုဝင်ဘာလက ၃.၁% သာရှိခဲ့သည်။ ရာသီလိုက်ထုတ်ပြန်သော အလုပ်လက်မဲ့နှုန်းသည်လည်း ၃.၄% မှ ၃.၅% သို့တိုးလာသည်ကိုတွေ့ရသည်။ (ကိုးကားချက်- Yonhap News)

---

## ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုနှုန်းလျော့ကျမည်ဟု ဗဟိုဘဏ်ခန့်မှန်းခဲ့

၆။ ပြည်တွင်းဝယ်လိုအား နည်းပါးလာနေခြင်းကြောင့် အာရှ၏စတုတ္ထအကြီးဆုံး စီးပွားရေးနိုင်ငံ ကိုရီးယား၏ ၂၀၁၅ ခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နိမ့်ကျသွားမည်ဟု ဗဟိုဘဏ်က ခန့်မှန်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးနှုန်းကို ၂၀၁၅ ခုနှစ်အတွက် ယမန်နှစ် ၃.၈% မှ ၃.၄% သို့လည်းကောင်း၊ ငွေဖောင်းပွနှုန်းကိုလည်း ၂.၄% မှ ၁.၉% သို့လျော့ကျသွားမည်ဟု သုံးသပ်ဖော်ပြခဲ့သည်။

၇။ ယမန်နှစ် စတုတ္ထလေးလပတ်တွင် မိုဘိုင်းဖုန်းများ ဈေးလျှော့ရောင်းချမှုဥပဒေနှင့် အခွန်ရငွေနည်းပါးခြင်း၊ အစိုးရအသုံးစရိတ်များ လျှော့ချခဲ့ခြင်းတို့ကြောင့် ယခုနှစ်၏စီးပွားရေး ဖွံ့ဖြိုးမှုတိုးတက်နှုန်းအပေါ် ထိခိုက်ခဲ့သည့်အချက်များဖြစ်ကြောင်း ကိုရီးယားဗဟိုဘဏ် ဥက္ကဋ္ဌက ပြောဆိုသည်။ သို့သော် ယခုနှစ်တွင် စက်သုံးဆီဈေးများလျော့ကျနေခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍသုံးစွဲမှု ပိုမိုလာပြီး အလုပ်အကိုင်သစ်များ တိုးလာနိုင်ကြောင်းနှင့် အိမ်ယာဈေးငွေများ များပြားနေခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုကို တုန့်ဆွဲထားနိုင်ဆဲဖြစ်ကြောင်း ဥက္ကဋ္ဌ က ဆက်လက်သုံးသပ်ပြခဲ့သည်။

၈။ ကိုရီးယားအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရေးကို ဦးတည်ရည်ရွယ်ထားခြင်းနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေ ပြန်လည်တိုးတက်ကောင်းမွန်လာခြင်းကြောင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာမည်ဖြစ်သည်။ လုပ်ငန်းသစ်များ လုပ်ကိုင်လိုစိတ်နည်းပါးနေခြင်းနှင့် carbon emission trading ကိုစတင်လုပ်ဆောင်လာခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားနည်းချက်များဖြစ်သည်ကို တွေ့ရသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ current account surplus သည် ၂၀၁၄ ခုနှစ်က $ ၉၀ ဘီလီယံသာရှိရာမှ ၂၀၁၅ ခုနှစ်တွင် $ ၉၄ ဘီလီယံ ထိတိုးလာနိုင်ကြောင်း ဗဟိုဘဏ်က ခန့်မှန်းထားသည်။ (ကိုးကားချက်-Yonhap News)

---

## မိုဘိုင်းဖုန်းများ ဈေးလျှော့ရောင်းချခြင်းဆိုင်ရာဥပဒေသက်ရောက်မှု

၉။ ကိုရီးယား မိုဘိုင်းဖုန်းဈေးကွက်အတွင်း ငြင်းခုံမှုများစွာဖြစ်ပေါ်စေသော မိုဘိုင်းဖုန်းများ ဈေးလျှော့ရောင်းချခြင်းကို ကန့်သတ်သည့်ဥပဒေ ထွက်ပေါ်လာခဲ့သည်။ ယင်းဥပဒေသည် တယ်လီကွန်း

ကုမ္ပဏီကြီးများနှင့် မိုဘိုင်းဖုန်းထုတ်လုပ်သူများက ဖောက်သည်များကို ဆွဲဆောင်သည့်အနေဖြင့် မိုဘိုင်းဖုန်းဈေးကို ဝမ် ၃၀၀,၀၀၀ ထက် လျှော့၍ရောင်းချခြင်းမပြုရန် တားမြစ်ထားသည်။ ယင်းဥပဒေကြောင့် ဖုန်းလိုင်းသစ်များရောင်းချရမှု အပေါ် များစွာထိခိုက်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အိုင်ဖုန်းမော်ဒယ် သစ်များ ထွက်ပေါ်လာစဉ်တွင် တယ်လီကွန်းကုမ္ပဏီများသည် ဖုန်းလိုင်းသစ်အား ၂ နှစ် (သို့) ၃ နှစ် စာချုပ်ဖြင့် ဝယ်ယူပါက iPhone ၆ နှင့် ၆+ တို့အား ဝမ် တစ်သိန်း၊ နှစ်သိန်းဖြင့် အပြိုင်အဆိုင်ရောင်းချ၍ ဖောက်သည်သစ်များကို ဆွဲဆောင်ခဲ့ကြသည်။

၁၀။ ယခုအခါ အစိုးရ၏ မိုဘိုင်းဖုန်းများဈေးလျှော့ရောင်းချခြင်း ဥပဒေသစ်ကြောင့် ဖုန်းလိုင်းသစ်ဝယ်ယူသူအရေအတွက် ယခင်လက လျော့ကျသွားခဲ့သော်လည်း ယခုအခါ ဈေးကွက်အခြေအနေပြန်လည်ကောင်းမွန်လာသည်ကိုတွေ့ရသည်။ မိုဘိုင်းဖုန်းဈေးများ အပြိုင်အဆိုင်လျှော့၍ ရောင်းချခဲ့ခြင်းကြောင့် ဈေးကွက်ပုံစံပျက်ယွင်း (market distortion) နိုင်၍ ဤကဲ့သို့ ဥပဒေထုတ်ပြန်ရခြင်းဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ပြောဆိုသည်။ (ကိုးကားချက်-Korea Herald)

---